## နအဖခေါင်းဆောင် သန်းရွှေ့ရဲ့ ဘုရားနဲ့ အပြိုင် တစ်စင်ထောင်လိုသောစိတ်။



မကြာခင်ကရေးခဲ့တဲ့ "ဂန်နဲ့ ဘန် နာမ်နိမ်ခံရခြင်း" တဲ့ ဖေါ်ပြမှုမှာပါတဲ့ ရွှေတိဂုံဘုရားထီးတော်နဲ့ ငှက်မြတ်နားအောက်နားမှာကပ်ပြီး ချိတ်ဆွဲခဲ့တဲ့ ဆိုင်းဘုတ်လေးအကြောင်းတင်ပြလိုပါတယ်။

ဘာမှလည်း ရေရေရာရာလှူဒါန်းတာမရှိ၊ ရှိပြန်တော့လည်း မသန့်ရှင်းတဲ့ ခိုးယူအလွဲသုံးစားလုပ်ထားတဲ့ တိုင်းပြည်သယံဇာတတွေ ပြည်သူပိုင်ဘဏ္ဍာငွေတွေကို ဘုံးထားတဲ့ဟာနဲ့ မဖြစ်စလောက်လေး ဟန်ပြလှူတာလောက်ဘဲရှိတာပါ။
နအဖခေါင်းဆောင် သန်းရွှေ့ဟာ မဆလ တစ်ပါတီခေါင်းဆောင်ကြီး နေဂင်းထက် အဆပေါင်းများစွာ ကောက်ကျစ်ယုတ်မာ လိမ်ညာသူပါ။ သူဟာ စိတ်ပညာဘာသာရပ်ကို သင်ယူခဲ့သူလို့ ဆိုပေမယ့် တကယ်ဆိုရင် သူကိုယ်တိုင်က စိတ်ပိုင်းဆိုင်ရာ ချို့ယွင်းနေသူဆိုတော့ တွေးသမျှ လုပ်သမျှဟာ အင်မတန် တလွဲတချော်ဖြစ်တယ်ဆိုတာ သူကိုယ်တိုင်မသိပေမယ့် အများက သိကြပါတယ်။
နအဖခေါင်းဆောင် သန်းရွှေ့ထင်တာက သူရဲ့နာမည်ကို ရွှေတိဂုံဘုရားအမြင့်ဆုံးနေရာမှာ ဖေါ်ပြရင်တော့ သူအနေနဲ့ ဘုန်းတန်ခိုးကြီးလောက်ရဲ့လို့ထင်နေတာ။ တကယ်တော့ သူဟာအမှားကြီးတစ်ခု ကျူးလွန်လိုက်တာပါဘဲ။
အများတကာသိကြတဲ့အတိုင်း မြတ်ရွှေ့တိဂုံဟာ သာမန်လူပုဂ္ဂိုလ်တွေလောက်နဲ့ တည်ထားခဲ့တဲ့ တန်ခိုးကြီးဘုရားမဟုတ်ပါဖူး။ နတ်ဗြမ္မာလူအပေါင်းက တည်ခဲ့တဲ့ မြတ်စွာဘုရားရဲ့ ဓါတ်တော်မွေတော်တွေကို ဌာပနာပြုပြီးမှ တည်ထားကိုးကွယ်တာပါ။
ဒီလို မြတ်စွာဘုရားရဲ့ ဓါတ်တော်မွေတော်တွေကို ဌာပနာပြုပြီးတည်ထားခဲ့တဲ့ လူနတ်ဗြမ္မာတွေရဲ့ အမည်နာမတွေရော၊ လက်ရှိစောင့်ရှောက်ခဲ့ကြတဲ့ စောင့်ရှောက်နေကြတဲ့ သူတော်စင်အပေါင်းရဲ့ အမည်နာမတွေကိုတောင် ဘယ်သောအခါမှ ရွှေတိဂုံထီးတော်နားထိအောင် ဖေါ်ပြတာမရှိပါဖူး။
နအဖခေါင်းဆောင်သန်းရွှေ့ကျမှဘဲ အခုလို ဆိုင်းဘုတ်ကြီး တက်ချိတ်တာကတော့ ဘုရားကအောက် မျောက်ကအထက်ဆိုတာလို အမြင်မတော်ရုံသာမက အဂီစိကို ဖောက်ထိုးဆင်းမယ့်ကိန်းကို သူ့ခမျာ သိသိကြီးနဲ့ မိုက်လုံးနက်လေခြင်းလို့ဘဲ ပြောရတော့မယ်။
ဖြစ်နိုင်ရင် ဒီလိုလုပ်တာ မသေခင် မသိပေမယ့် သေရင်တော့ မရှူမလှ ခံရတော့မယ်ဆိုတာ နအဖခေါင်းဆောင်ကြီးသန်းရွှေ့ကို လက်ဆင့်ကမ်းပြောပြလိုက်ပါဗျာ။

(နစ်နေမန်း)။

Posted by Niknayman at **9:45 PM**

**ဒီသတင်းတွေကြားရတော့ ဘယ်မှာလည်း ဘဂလုံခြုံရေးဆိုတာ။**
နအဖက ပြည်သူတွေ ဘဂလုံခြုံရေးကို လုံး၀ မကာကွယ်ပေးနိုင်ပါလား။

မုန်တိုင်းဘေးဒဏ် ကျရောက်ခဲ့တဲ့နေရာဒေသတွေကို သွားရောက်ကူညီခဲ့တဲ့ ဆရာဝန်တစ်ယောက် ပြောပြလာတာ ကြားရတယ်။

မုန်တိုင်းဒဏ်ခံရတဲ့ ဒေသတွေမှာ မိန်းကလေးတွေရဲ့ လုံခြုံရေး၊ လိင်ကိစ္စနဲ့ ပတ်သက်တဲ့ လုံခြုံရေးဟာ အတော်လေး စိုးရိမ်ဖွယ်ရာ ဖြစ်နေတယ်လို့ ကြားရပါတယ်။

မုန်တိုင်းတိုက်ပြီးစက ရေထဲမှာ ဒုက္ခရောက်လာတဲ့ မိန်းကလေးအချို့ဟာ ဆယ်ယူသလိုနဲ့ ကုန်းပေါ်ဆွဲတင်ပြီး မုဒိန်းကျင့်ခံရပြီးတဲ့နောက် သတ်ပစ်ခံရကာ ရေထဲ မျှောပစ်တာမျိုးတွေ ခံခဲ့ရတာတွေ ရှိတယ်လို့ ကြားခဲ့ရကြောင်း သူကပြောပါတယ်။

ဒီထက်ပို တိကျတဲ့ သတင်းကတော့ ကယ်ဆယ်ရေးကလိုလို၊ ကြံ့ဖွံ့ကလိုလို ဟန်ဆောင်ထားသူ တစ်ယောက်ဟာ မိန်းကလေးတစ်ယောက် (အသက်မပြည့်သေးတဲ့ ကလေးလေး) နဲ့ သူမရဲ့ မောင်ငယ်လေးတို့ကို ဒုက္ခသည်စခန်းကို ပို့ပေးမယ်ဆိုပြီး ခေါ်လာပြီးနောက်၊ တစ်နေရာကို ခေါ်သွားပြီး၊ မိန်းကလေးကို အဓမ္မကျင့်ပြီးနောက် တွေ့ရာနေရာ တစ်နေရာကို ပို့ပစ်ခဲ့တယ်လို့ ဆိုပါတယ်။ သိပ်မကြာခင်အချိန်မှာ ကောင်မလေးက ဆေးခန်းတစ်ခုကို သူ့နည်းသူ့ဟန်နဲ့ ရောက်လာပြီး အဲဒီက ဆရာဝန်ကို ဒီအဖြစ်ကိုပြောပြတော့ ဆရာဝန်က နောက်ကျမှ ရောက်လာတဲ့အတွက် သူဘာမှမတတ်နိုင်ကြောင်း စိတ်မကောင်းစွာနဲ့ ပြောပါသတဲ့။ (တကယ်က အဓမ္မပြုကျင့်ခံရပြီးနောက် (၇၂) နာရီအတွင်းမှာ ကိုယ်ဝန်မရအောင် သောက်လို့ရတဲ့ ဆေးရှိတယ်လို့ ဆိုပါတယ်)။ အဲဒါ တကယ့်ကယ်ဆယ်ရေးစခန်းကို ရောက်လို့ အဲဒီကသူတို့ ဆရာဝန်တွေက သိရတဲ့ အချိန်မှာ ခုနစ်ရက်လောက် ကြာသွားပြီ။ ဘာမှလုပ်လို့ တကယ်မရတော့ဘူးလို့ ကြားရပါတယ်။

နအဖအနေနဲ့လည်း ကိုယ်ကိုတိုင်လည်း မုန်တိုင်းဘေးဒုက္ခဘေးခံစားနေရတဲ့သူတွေကို ထိထိရောက်ရောက် လက်တွေ့မှာလည်း မကာကွယ်ပေးနိုင်ဖူး၊ ကယ်လည်း မကယ်တင်ပေးနိုင်ဖူး၊ လုံလောက်တဲ့ ကယ်ဆယ်ရေးပစ္စည်းတွေလည်း မရှိဖူး၊ တတ်ကျွမ်းတဲ့ သဘာဂဘေးအန္တရာယ်ကယ်ဆယ်ရေးအတတ်ပညာတွေလည်း မကျွမ်းကျင်ဖူးဆိုရင် နိုင်ငံတကာက အသိပညာရှင်တွေ အတတ်ပညာရှင်တွေနဲ့ ပြည်တွင်းက ကျွမ်းကျင်သူများနဲ့ လွတ်လွတ်လပ်လပ်တွဲဖက်ပေးပြီး ဒုက္ခရောက်နေကြတဲ့ ပြည်သူတွေဘဂကို မိမိတို့အာဏာမက်မောတည်မြဲရေးထက် ပိုပြီး အလေးပေးသင့်ပါတယ်။

ဒီလိုမှ မဟုတ်ရင်တော့ ဒီလို လူမသိ သူမသိ ဆိုးရွားလှတဲ့ အဖြစ်အပျက်တွေ ပြည်သူတွေမှာ ခံစားကြုံတွေ့ရနေဦးမှာ မလွဲပါဘဲ။

ပြည်သူတစ်ဦးချင်းစီတိုင်း ဘဂလုံခြုံမှုပေးနိုင်တဲ့ စစ်မှန်တဲ့ အုပ်ချုပ်သူ ပြည်သူ့ အစိုးရလက်အောက်မှာ ဘဂရှင်သန် ဘေးရန်ကင်းခွင့် မနေးအမြန် ပေါ်ပေါက်ပါစေလို့ ဆုတောင်းပေးလျက်ပါ။